သတင်းထုတ်ပြန်ချက်

# ဂျာမနီပြည်ထောင်စုအစိုးရရှေ့နေချုပ်မှ မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ငြင်းဆို၊ Fortify Rights အနေဖြင့် အပြစ်ဒဏ်ခံရခြင်းမှ ကင်းလွတ်မှုဖြစ်စဉ်များကို အဆုံးသတ်ရန် ကတိပြု

## ယနေ့တိုင်ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်နေသူ မြန်မာစစ်ဗိုလ်ချုပ်များအား ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်ကို ဂျာမန်ပြည်ထောင်စုအစိုးရရှေ့နေချုပ်က ပယ်ချ

(ဘန်ကောက်၊ နိုဝင်ဘာလ ၃၀ ၊ ၂၀၂၃ ခုနှစ်) — Fortify Rights နှင့်တကွ မြန်မာနိုင်ငံမှ တိုင်ကြားသူ ၁၆ ဦးတို့က ဇန်နဝါရီလတွင် တိုင်ကြားထားသည့် စာမျက်နှာ ၂၁၅ မျက်နှာပါ တိုင်ကြားချက်တွင် ပါဝင်သော မြန်မာနိုင်ငံအတွင်း လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှု မပြုလုပ်ရန် ဂျာမနီ ပြည်ထောင်စုအစိုးရရှေ့နေချုပ်က ဆုံးဖြတ်ခဲ့ကြောင်း Fortify Rights မှ ယနေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်စည်းမျဉ်းအရ တင်သွင်းခဲ့သော အဆိုပါ တိုင်ကြားချက် တွင် မြန်မာနိုင်ငံမှ အကြီးတန်း စစ်ဗိုလ်ချုပ်ကြီးများနှင့် အပေါင်းအပါတို့အား ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များ အတွင်း ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်ကောင်စီ၏ မအောင်မြင်လိုက်သည့် အာဏာသိမ်းမှု စတင်စဉ်ကတည်းက တစ်နိုင်ငံလုံးအပေါ် ကျူးလွန်ခဲ့သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများစသည်တို့အပေါ် အဓိကအာရုံစိုက်ထားသည်။

"အစိုးရ ရှေ့နေချုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ အတော်စိတ်ပျက်စရာကောင်းပါတယ်" ဟု Fortify Rights မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Matthew Smith က ပြောကြားခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ တိုင်ကြားချက်ပါ အထောက်အထားများ၊ တရားရေးဆိုင်ရာ ဆွေးနွေးမှုများရဲ့ ခိုင်လုံမှုနဲ့ ပတ်သက်ပြီး ယုံကြည်မှုအပြည့်အဝ ရှိပါတယ်။ ဂျာမန်ပြည်ထောင်စုအစိုးရရှေ့နေရုံးမှ ၎င်းတို့၏ ယခုဆုံးဖြတ်ချက်က တကယ့်ကို အထောက်အထားများရဲ့ အားသာချက် သို့မဟုတ် ခိုင်လုံမှုအပေါ် အခြေခံထားတာ မဟုတ်ကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့ပါတယ်။"

တိုင်ကြားခံရသည့် သံသယရှိသူများ ဂျာမနီနိုင်ငံတွင် မရှိနေခြင်းနှင့် ယင်းစုံစမ်းစစ်ဆေးမှုက လက်ရှိ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ၏ လုပ်ငန်းတာဝန်ကို တစ်ပုံစံတည်း ထပ်ပွားသလိုဖြစ်စေမည်ဟု ယုံကြည်သောကြောင့် ဂျာမန် ပြည်ထောင်စုအစိုးရရှေ့နေချုပ်က စုံစမ်းစစ်ဆေးရေးစတင်လုပ်ဆောင်ရန် ငြင်းပယ်လိုက်ကြောင်း Fortify Rights ကို ပြီးခဲ့ သည့်လ၌ အကြောင်းကြားခဲ့သည်။

"ကျွန်တော်တို့ တိုင်ကြားတဲ့အခါမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဲ့ မြန်မာနိုင်ငံက ရက်စက်ကြမ်းကြုတ်မှုတွေအတွက် တာဝန်ရှိတဲ့ တခြားသူတွေ ဂျာမနီနိုင်ငံမှာ မရှိကြဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဂျာမန်ဥပဒေအရ စုံစမ်းစစ်ဆေးမှုတစ်ခုအတွက် အဲ့ဒီလိုမျိုး နိုင်ငံထဲရှိနေဖို့ မလိုအပ်ပါဘူး။ တင်ပြထားတဲ့ အထောက်အထားတွေနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု လုပ်ဖို့ကို အစိုးရရှေ့နေ ဘက်က လုံးဝငြင်းဆိုလိုက်ရတာက အဲ့ဒီအကြောင်းရင်းကြောင့် ဖြစ်လိမ့်မယ်လို့လည်း ကျွန်တော်တို့အနေနဲ့ မမျှော်လင့်ခဲ့မိဘူး" ဟု Matthew Smith က ပြောကြားခဲ့သည်။ "IIMM အနေနဲ့ လုံ့လဝီရိယရှိရှိဖြင့် သက်သေခံအထောက်အထားတွေ စုဆောင်းထိန်းသိမ်းနေတာကိုလည်း ကျွန်တော်တို့သိရှိရပြီး IIMM ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ဂျာမနီအာဏာပိုင်များအနေနဲ့ ဂျာမနီ နိုင်ငံတွင် ပြုလုပ်မည့် အနာဂတ် တရားစွဲဆိုမှုများအတွက် အသုံးပြုရန်နှင့် အသုံးချရန် မျှော်လင့်ပါ တယ်။ ဒါဟာ IIMM ရဲ့ အဓိက ဦးတည်ချက်ပါ။"

ဂျာမနီ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်က မင်းအောင်လှိုင်နဲ့ အခြားအမည်ခံ ကျူးလွန်သူတွေ ဂျာမနီနိုင်ငံမှာ မရှိနေတာကို အကြောင်းပြုပြီး အဆုံးအဖြတ်ပေးတဲ့ အချက်အဖြစ် ထောက်ပြပါသည်။ သို့သော်လည်း ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ရှိတဲ့ တစ်ဦးတစ်ယောက်

ချင်းစီတိုင်းက နိုင်ငံရေး အခြေအနေများ ပြောင်းလဲပြီး ပြည်နှင်ခြင်း၊ တရားရုံးများတွင် တရားစီရင်မှုများနဲ့ ပြစ်ဒဏ်ချမှတ်ခြင်းများ ခံရသည့်တိုင်အောင် အချုပ်အနှောင်အဖမ်းအစီးကနေ ရှောင်တိမ်းကြကြောင်း သမိုင်းကိုကြည့်ခြင်းအားဖြင့် သိနိုင် ပါသည် ဟု Fortify Rights က ပြောကြားသည်။

ဂျာမန်ဥပဒေအရ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၃ စ ကိုအခြေခံ၍ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းမပြုလုပ်ရန်ဟူသည့် အစိုးရရှေ့နေ၏ ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ကို တရားဝင်အယူခံဝင်နိုင်မည့် အခွင့်အရေးများကို ကန့်သတ်ထားသည်။ သို့သော်လည်း ဂျာမနီနိုင်ငံရှိ ရှေ့နေများ၊ ဥရောပဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ ဗဟိုဌာန (ECCHR) ကဲ့သို့သော ဂျာမနီရှိ ထောက်ခံသူများက ယင်းသို့ တရားဝင်အယူခံဝင်နိုင်ကို ခွင့်ပြုရန် ဥပဒေကို ပြုပြင်ပြောင်းလဲရန် အကြံပြုထားသည်။

“စိတ်ပျက်စရာကောင်းနေတဲ့အချိန်ဆိုပေမယ့် အစိုးရရှေ့နေရဲ့ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံမှာ ပေါ်ပေါက်နေတဲ့ ရာဇဝတ်မှုတွေကို တရားစွဲဆိုနိုင်ဖို့ နိုင်ငံတကာရဲ့ ကြိုးပမ်းအားထုတ်မှု အရေးတကြီး လိုအပ်နေတာကိုလည်း ထောက်ပြနေတာတွေ့ရတယ်” ဟု Matthew Smith က ပြောကြားခဲ့သည်။
“ဂျာမနီအစိုးရက မြန်မာနိုင်ငံရှိ ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများ စုဆောင်းထိန်းသိမ်းရန် ကြိုးပမ်းနေမှုများနဲ့ ပူးပေါင်းဆောင်ရွက် နေကြောင်းနှင့် အစိုးရရှေ့နေရဲ့ ဆုံးဖြတ်ချက်က တင်ပြထားတဲ့ အထောက်အထားတွေရဲ့ ခိုင်လုံမှုနှင့် မသက်ဆိုင်ကြောင်းကို အစိုးရရှေ့နေချုပ်က ရှင်းရှင်းလင်းလင်း တင်ပြတဲ့ အတွက် ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ရှိပါတယ်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံမှာ စစ်ဗိုလ်ချုပ်များက ကျူးလွန်ခဲ့တဲ့ ကြီးလေးသော ရာဇဝတ်မှုတွေအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေဖို့ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပြီး လွတ်မြောက်လာသူတွေ အပါအဝင် အခြားသူများနဲ့ အတူ မဟာနည်းဗျူဟာအသစ်များဖြင့် အဆုံးတိုင်အောင် ကြိုးစားဆောင်ရွက် နေပါတယ်။ Fortify Rights အဖွဲ့ဟာလည်း ကြီးထွားတိုးတက်လာနေတာမို့ ဒီကြောက်မက်ဖွယ်ရာများကို အဆုံးသတ်ဖို့နဲ့ ကုစားဖို့ ယခင်ကထက် ပိုမိုလုပ်ဆောင်နေပါတယ်။"

Fortify Rights မှ တဆင့် ဂျာမနီသို့ တိုင်ကြားသူ ၁၆ ဦးအနက် ထက်ဝက်ခန့်သည် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုနှင့် ၂၀၁၆၊ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်ဦးဆောင်သော “နယ်မြေရှင်းလင်းရေး” မှ လွတ်မြောက်ခဲ့ကြသူများဖြစ်သည်။ ကျန်တစ်ဝက်ခန့်မှာ ၂၀၂၁ နှင့် ၂၀၂၂

FORTIFY RIGHTS

ခုနှစ် အတွင်း နိုင်ငံတဝှမ်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အာဏာသိမ်းပြီးနောက် ရက်စက်ကြမ်းကြုတ်မှုများ မှ လွတ်မြောက်လာသူများဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာတိုင် အစိုးရမှ ရိုဟင်ဂျာများအပေါ် တစ်ယူသန် ပိတ်ဆို့နှိပ်ကွပ်မှုများအပြီးတွင် ဤ ကမ္ဘာတလွှားတရားစီရင်ပိုင်ခွင့်အရ တိုင်တန်းချက်သည် မြန်မာနိုင်ငံမှ ရိုဟင်ဂျာများနှင့် အခြား လွတ်မြောက်လာသူတိုင်းရင်းသားများ တရားမျှတမှုကို အသီးသီးကြိုးပမ်းရှာဖွေကြရာတွင် စည်းလုံးညီညွတ်မှု ဖြစ်ပေါ်စေသည့် ပထမဆုံး ကြိုးပမ်းမှုတစ်ခုကို ကိုယ်စားပြုနေသည်။ တိုင်ကြားသူများတွင် ရခိုင်၊ ဗမာ၊ ချင်း၊ ကရင်၊ ကရင်နီ၊ မွန်နှင့် ရိုဟင်ဂျာ အပါအဝင် အမျိုးသမီး ၆ ယောက်နှင့် အမျိုးသား ၁၀ ယောက် ပါဝင်သည်။ ပြည်ထောင်စုအစိုးရ ရှေ့နေက စုံစမ်းစစ်ဆေးမှုဖွင့်ပေးပြီး နောက်ဆုံးမှာ ဒီအမှုကို ဆောင်ရွက်ခဲ့ မယ်ဆိုရင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွေမှာ စစ်ကောင်စီရဲ့ ရာဇဝတ်မှုတွေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက် ဖြစ်ပွားခဲ့သော တစ်နိုင်ငံလုံးဆိုင်ရာ ရာဇဝတ်မှုများ ပေါင်းစည်းထားတဲ့ ပထမဆုံး တရားစွဲဆိုမှု ဖြစ်လာခဲ့မည်ဖြစ်သည်။

တရားလိုတိုင်ကြားသူနှစ်ဦး ဖြစ်သော “M.K” (အမည်အရင်း အတိုကောက်မဟုတ်) နှင့် Nickey Diamond တို့သည် လက်ရှိတွင် ဂျာမနီနိုင်ငံတွင်ရှိနေပြီး တိုင်ကြားချက်နှင့် ဆက်စပ်သည့် ကိစ္စရပ်များအတွက် ဂျာမန် ရှေ့နေကို ငှားရမ်းထားသည်။

ဤဆုံးဖြတ်ချက်သည် ဂျာမနီတွင်ဖြစ်စေ၊ အခြားနေရာများတွင်ဖြစ်စေ အနာဂတ်ကာလတွင် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်ဆိုင်ရာ တိုင်ကြားချက်များကို အဟန့်အတားဖြစ်စေမည်ဟု ယုံစရာအကြောင်းမရှိဟု Fortify Rights မှ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အရေးယူမှုမှ ကင်းလွတ်နေသည့် ရာဇဝတ်မှုများတွင် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အကျဉ်းချမှု၊ အစဖျောက်မှု၊ နှိပ်ကွပ်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ပါဝင်သည်။ ယနေ့ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အစိုးရအချင်းချင်း “အဆိုပါ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ရပ်တန့်ရန်၊ တာဝန်ရှိသူများကို ဖမ်းဆီးရန်နှင့်

FORTIFY RIGHTS

ကျူးလွန်ခဲ့သည် များကို ဝန်ခံပြီး တာဝန်ခံမှုရှိရန် ညှိနှိုင်း ဆောင်ရွက်မှုများ အပါအဝင် တက်ကြွသော အစီအမံများကို လုပ်ဆောင်ရန်" Fortify Rights မှ တောင်းဆိုထားသည်။

ပယ်ချခံရသည့် တိုင်ကြားချက်ပါ စုဆောင်းမှတ်တမ်းတင်ထားသော အထောက်အထားများသည် အလဟာသ ဖြစ်သွားမည် မဟုတ်ပေ။ Fortify Rights သည် ၎င်းထံ တိုင်ကြားသူများ၏ ခွင့်ပြုချက်ဖြင့် အလျဉ်းသင့်သလို ၎င်တို့၏ အထောက်အထားများကို သေချာထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖြစ်နိုင်ခြေရှိတဲ့ အချိန်တစ်ခုရောက် လျှင် ဤရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်သူများအား အရေးယူဆောင်ရွက်ရန် IIMM နှင့် တကွ အခြားအလားအလာရှိသော လမ်းကြောင်းများနှင့်လည်း မျှဝေကာ ပူးတွဲလုပ်ဆောင်သွားမည်ဖြစ်သည်။

ယနေ့ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် Fortify Rights မှ "သန်းနှင့်ချီသော အပြစ်မဲ့ အရပ်သားများ" အပေါ်တွင် ကျူးလွန်သည့် "လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အပါအဝင် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်နေခဲ့သည့် မြန်မာစစ်တပ် အနေဖြင့် ထိရောက်သည့် အရေးယူခံရခြင်းမှ ကာလရှည်ကြာစွာ အပြည့်အဝ ကင်းလွတ်ခွင့် ရနေမှု" ကို အလေးထားမှတ်ချက်ပြုသည်။ "Fortify Rights သည် ဤလုပ်ဆောင်ချက်ကို လျင်မြန်စွာနှင့် အထိရောက်ဆုံး၊ အသေချာဆုံးသော သက်ရောက်မှု ရှိစေမည့် လမ်းစဉ်တိုင်းကို လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည်" ဟု ထုတ်ပြန်ချက်တွင် နိဂုံးချုပ်ထားသည်။

Fortify Rights အတွက် ဝါရှင်တန်ဒီစီ၊ ဂျာမနီနှင့် အခြားနေရာများတွင် ရုံးခွဲများရှိသည့် Covington & Burling LLP မှ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည်။

**အပိုဆောင်းအသေးစိတ်အချက်အလက်နှင့် နောက်ခံအကြောင်းအရင်း**

ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့် သည် မည်သည့်နေရာတွင် ရာဇဝတ်မှုများ ကျူးလွန်သည်ဖြစ်စေ သို့မဟုတ် ကျူးလွန်သူများ သို့မဟုတ် ကျူးလွန်မှုမှ လွတ်မြောက် လာသူများသည် မည်သည့် လူမျိုးဖြစ်စေ လူမျိုးတုံး–သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု များကဲ့သို့သော အစုလိုက်အပြုံလိုက် ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများ အတွက် တာဝန်ရှိသူများကို နိုင်ငံတစ်နိုင်ငံမှ တရားစွဲဆိုနိုင်စေသော

ဥပဒေဆိုင်ရာ မူဘောင်တစ်ခုဖြစ်ပါသည်။ ကမ္ဘာတလွှား တရားစီရင် ပိုင်ခွင့်သည် ထုံးစံအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံး အပေါ်တွင် ကျူးလွန်သည့် ပြစ်မှုများဟု ကိုယ်စားပြုသည်အထိ ပြင်းထန်သော "နိုင်ငံတကာ ရာဇဝတ်မှုများ" အတွက် သီးသန့် သတ်မှတ်ထားပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် Fortify Rights နှင့်တကွ မြန်မာနိုင်ငံမှ တိုင်ကြားသူ ၁၆ ဦးတို့သည် ဂျာမနီနိုင်ငံ၏ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်ထံတွင် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်အရ မြန်မာနိုင်ငံမှ အကြီးတန်း စစ်ဗိုလ်ချုပ်များနှင့် အပေါင်းအပါတို့အား လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ကျူးလွန်နေသည့်အတွက် ပြစ်မှုဆိုင်ရာ တိုင်ကြားချက် တစ်ရပ် တင်သွင်းခဲ့သည်။ စာမျက်နှာ ၂၁၅ မျက်နှာပါ တိုင်ကြားချက်နှင့် စာမျက်နှာ ၁,၀၀၀ ပါ ပူးတွဲ စာရွက်စာတမ်းများတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့၊ ၂၀၂၁ ခုနှစ် စစ်ကောင်စီ အာဏာသိမ်းမှုနဲ့ ဆက်စပ်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ ၂၀၁၆နှင့် ၂၀၁၇ ခုနှစ်များ အတွင်း ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှု များစသည်တို့ကို ကျူးလွန်ခဲ့သည့် တာဝန်ရှိသူများအား ဂျာမနီ ပြည်ထောင်စုအစိုးရ ရှေ့နေရုံးမှ စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်ရန် သက်သေခံ အထောက်အထားများကို ပေးပို့ တင်သွင်းထားပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်မှ Fortify Rights ထံသို့ တိုင်ကြားချက်ပါ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်မည် မဟုတ်ကြောင်း အကြောင်းကြားခဲ့သည်။ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်၏ အကြောင်းကြားစာအရ စုံစမ်းစစ်ဆေးမှု စတင် မလုပ်ဆောင်ရခြင်း၏ အဓိက အကြောင်းရင်း နှစ်ရပ်ကို တင်ပြထားခဲ့ပြီး ယင်းအကြောင်းအရင်း နှစ်ရပ်တို့သည် တင်ပြထားသည့် အထောက်အထား ခိုင်လုံမှုနှင့် သက်ဆိုင်မှု မရှိကြောင်း သိရသည်။ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်အနေဖြင့် တရားစွဲဆိုခြင်း ကိစ္စရပ်များတွင် တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့်အရ ဂျာမနီနိုင်ငံ၏ နိုင်ငံတကာ ဥပဒေဆိုင်ရာ ရာဇဝတ်မှုများကိုသာ အဓိကထား ရည်ညွှန်း ကိုးကားသည်။ အတိအကျ အားဖြင့်ဆိုလျှင် ဂျာမန် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၁၅၃ စ၊ အပိုဒ် ၁ အရ တရားစွဲဆိုခံရသူသည် ဂျာမနီနိုင်ငံတွင် ရှိမနေပါက သို့မဟုတ် ဂျာမနီနိုင်ငံကို လာရောက်မည့် အလားအလာ မရှိနေပါက ဂျာမန်အစိုးရ ရှေ့နေအနေဖြင့် တရားစွဲဆိုမှုများ ရှေ့ဆက်လုပ်ဆောင်ရန် ငြင်းဆိုခွင့်ရှိသည်။ ထို့အပြင် ဂျာမန် တရားဥပဒေစိုးမိုးရေး အေဂျင်စီများ အနေဖြင့် လက်ရှိ

ဆောင်ရွက်နေဆဲ စုံစမ်းစစ်ဆေးနေမှု များထက်ပို၍ မည်သည့် အကျိုးခံစားခွင့်မျှ ထပ်မံပေးမည် မဟုတ်ကြောင်း၊ "မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM)" ၏ ကျယ်ပြန့်သော လုပ်ဆောင်ချက်များ တို့ကို သတိပြုမိကြောင်း ဂျာမန် ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်က ပြောကြားခဲ့သည်။ ဂျာမနီသည် IIMM ၏ စုံစမ်းစစ်ဆေးရေးဆိုင်ရာ အားထုတ်ကြိုးပမ်းနေမှုကို ပံ့ပိုးကူညီပေးနေကြောင်းကို သေချာစွာ သတိပြုမှတ်ချက်ပေးခဲ့သည်။

**သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**Matthew Smith**, အမှုဆောင်အရာရှိချုပ်, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

အီးမေးလ် - Matthew.Smith@FortifyRights.org

တွစ်တာ/X - @MatthewFSmith, @FortifyRights

**Pavani Nagaraja Bhat**, စုံစမ်းစစ်ဆေးရေးတွဲဖက်, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ ဟိန္ဒီ

+91 80 7323 7136 (Signal)

အီးမေးလ် - Pavani.Nagarajabhat@FortifyRights.org

တွစ်တာ/X - @Curly_Friess, @FortifyRights

**John Quinley**, ဒါရိုက်တာ, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (WhatsApp)

အီးမေးလ် - John.Quinley@FortifyRights.org

တွစ်တာ/X - @john_hq3, @FortifyRights

**Zaw Win**, Human Rights Specialist, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ ရိုဟင်ဂျာနှင့် မြန်မာ
+66 95 979 9155 (WhatsApp; Signal)
အီးမေးလ် - Zaw.Win@FortifyRights.org

**Mac Mackie**, ဥပဒေအကြံပေး, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
အီးမေးလ် - Mac.Mackie@FortifyRights.org